အိုင်ယိုဝါ တက္ကသိုလ် | ပညာရေး ကောလိပ်

**ဆရာ/ဆရာမများ၏ စွမ်းဆောင်ရည် အကဲဖြတ်ချက်ဆိုင်ရာ ကျောင်းသား/သူ များ၏ သတင်းထုတ်ပြန်ချက် ပုံစံ**

ကျွန်ုပ်အနေဖြင့် အိုင်ယိုဝါတက္ကသိုလ်ရှိ ဆရာ/ဆရာမ ကြိုတင်ပြင်ဆင်ရေးဆိုင်ရာအစီအစဉ်တွင် ပါဝင်လုပ်ရှားရန် အမည်စာရင်းပေးသွင်းထားပြီး လက်ရှိတွင် လူကြီးမင်း၏ သား/ သမီး တက်ရောက်နေသည့်အတန်း၌ စာသင်ကြားလျှက်ရှိပါသည်။ အိုင်ယိုဝါတက္ကသိုလ်အနေဖြင့် edTPA™ တွင် ပါဝင်လုပ်ရှားလျှက်ရှိရာ ကျွန်ုပ်အနေဖြင့် ကျောင်းသား/သူ သင်ကြားရေးတာဝန်ဝတ္တရားများကို ပြည့်မီရန် အတွက် ဆရာ/ဆရာမ စွမ်းဆောင်ရည်အကဲဖြတ်မှုဟုခေါ်ဆိုသည့် အကဲဖြတ်စစ်ဆေးမှုတစ်ခုကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အဆိုပါအကဲဖြတ်စစ်ဆေးမှုတွင် စာသင်ခန်းအတွင်း သင်ခန်းစာ အပိုင်းလိုက် သင်ကြားနေသည့် ကျွန်ုပ်၏ ဗီဒီယိုတစ်ခုအပါအဝင် ကျောင်းသား/သူများ၏ သင်ခန်းစာပြီးစီးမှု အခြေအနေများနှင့်ပတ်သက်သည့် ဥပမာများ ပါဝင်မည်ဖြစ်ပါသည်။ အဆိုပါမှတ်တမ်းတင်မှု ပြုလုပ်သည့်အခါ လူကြီးမင်း၏ သား/သမီးသည်လည်း ဗီဒီယိုတွင် ပါရှိမည်ဖြစ်ပါသည်။ ကျွန်ုပ်၏သင်ကြားမှုအလေ့အကျင့်ဆိုင်ရာ အထောက်အထားများအဖြစ် ကျောင်းသား/သူများ၏ သင်ခန်းစာ လုပ်ဆောင်ထားရှိမှုဥပမာများကို စုဆောင်းသွားမည်ဖြစ်ရာ သင့်ကလေး၏ ဆောင်ရွက်မှုသည်လည်း ပါဝင်ကောင်းပါဝင်မည်ဖြစ်ပါသည်။ ယခုအစီအစဉ်သည် လူကြီးမင်း ကလေး၏ စွမ်းဆောင်ရည်ကို အကဲဖြတ်စစ်ဆေးသည့် အစီအစဉ်မဟုတ်ပါ။ ဆရာ/ဆရာမ လိုင်စင်တစ်ခုကို ရရှိနိုင်ရန်လိုအပ်သည့် ကျွန်ုပ်အတွက် သင်ကြားရေးဆိုင်ရာ စွမ်းဆောင်ရည်အကဲဖြတ်စစ်ဆေးမှု အစီအစဉ် ဖြစ်ပါသည်။

တင်သွင်းသည့်အချက်အလက်များအတွင်း ကျောင်းသား/သူများ၏အမည်များကို ဖော်ပြထားမည် မဟုတ်သည့်အပြင် အဆိုပါအချက်အလက်များကိုလည်း လျှို့ဝှက်အဖြစ်သာ အမြဲတမ်း ထားရှိသွားမည် ဖြစ်ပါသည်။ ဗီဒီယိုမှတ်တမ်းများနှင့် ကျွန်ုပ်တင်သွင်းလိုက်သည့် သင်ခန်းစားများအား အများပြည်သူသိရှိနိုင်ရန် မည်သည့်နည်းနှင့်မျှ ပြုလုပ်သွားမည်မဟုတ်ပါ။ ကျွန်ုပ်တင်သွင်းသည့် အချက်အလက်များကို အိုင်ယိုဝါတက္ကသိုလ်ရှိ အစီအစဉ်က သုံးသပ်မှုပြုလုပ်သွားမည်ဖြစ်ပြီး လေ့ကျင့်ရေးသင်တန်းအပါအဝင် edTPA အစီအစဉ်ဖွံ့ဖြိုးရေးနှင့် အကောင်အထည်ဖော်ဆောင်ရေးတို့အပြင် ရှေ့ဆက်သွားမည့် အစီအစဉ်ဖွံ့ဖြိုးရေးလုပ်ရှားမှုများကို ထောက်ပံ့နိုင်ရန်အလို့ငှာ အနာဂတ်အတွက် ခိုင်မာမှုရှိပြီး ယုံကြည် အားထားရသောလေ့လာမှုများအဖြစ် လုံခြုံသည့်အခြေအနေအောက်တွင်ထားရှိကာ စစ်ဆေးမှု ဖွံ့ဖြိုးရေးဆောင်ရွက်သူများက အသုံးပြုသွားမည်ဖြစ်ပါသည်။

ယခုလျှောက်လွှာပုံစံသည် လူကြီးမင်း၏ သား/သမီးအား ဗီဒီယိုနှင့် သူ/သူမ၏ သင်ခန်းစာအစီအစဉ် နှစ်ခုစလုံးတွင် ပါဝင်ပေးနိုင်ရန်အတွက် လူကြီးမင်းထံမှ သဘောတူညီချက်အား တောင်းခံသည့်ပုံစံ ဖြစ်ပါသည်။ ကျေးဇူးပြုပြီး ယခုလျှောက်လွှာပုံစံ၏ အောက်ပိုင်းတစ်ဝက်ကို အချက်အလက်များဖြည့်သွင်းပြီး ကျန်သည့်အပေါ်ပိုင်းကို ရည်ညွှန်းချက်အဖြစ် လက်ခံထားရှိပေးစေလိုပါသည်။ မှတ်တမ်းဗီဒီယို သို့မဟုတ် လူကြီးမင်း၏ သား/သမီး၏ သင်ခန်းစာဆောင်ရွက်မှုအစီအစဉ်တို့နှင့် ပတ်သက်ပြီး သိရှိလိုသည်များရှိပါက ပညာရေးဆိုင်ရာအကြံပေး၊ [အမည်] အား [ဖုန်း#] ကိုခေါ်ဆိုခြင်းဖြင့် ဆက်သွယ်နိုင်ပါသည်။

ကျေးဇူးတင်ပါသည် [**အမည်နှင့် လက်မှတ်**]

**ကျောင်းသား/သူ ပါဝင်ဆောင်ရွက်မှုဆိုင်ရာ သတင်းထုတ်ပြန်ချက်ပုံစံ**

ကျောင်းသား/သူ အမည်- ______________________________ ကျောင်းသား/သူ၏ ကျောင်း- _________________________________

ကျွန်ုပ်သည် အထက်ဖော်ပြပါ ကျောင်းသား/သူ၏ မိဘ သို့မဟုတ် ဥပဒေရေးရာ အုပ်ထိန်းသူဖြစ်ပါသည်။ ယခုလျှောက်လွှာပုံစံ၏ အပေါ်ပိုင်းရှိ အစီအစဉ်ဖော်ပြချက်ကို ဖတ်ရှုနားလည်ပြီး အောက်ပါတို့ကို လုပ်ဆောင်ရန် သဘောတူပါသည် (ကျေးဇူးပြုပြီး အောက်ဖော်ပြပါ သင့်လျော်သည် အချက်များကို စစ်ဆေးကြည့်ရှုပါ)-

____ကျွန်ုပ်အနေဖြင့် [**ကျောင်းသား/သူ ၏ ဆရာ/ဆရာမ**] ၏ ဆရာ/ဆရာမ စွမ်းဆောင်ရည် အကဲဖြတ်ချက်အစီအစဉ်အတွက် ကျွန်ုပ်၏ သား/သမီး ပါဝင်သော မှတ်တမ်းဗီဒီယိုနှင့် သင်ခန်းစာဆောင်ရွက်မှုအား အသုံးပြုရန် ခွင့်ပြုပါသည်။ ကျွန်ုပ်၏ သား/သမီး အမည်နှင့် ၎င်း၏ ကိုယ်ရေးကိုယ်တာအဖြစ်သတ်မှတ်ထားသော သတင်းအချက် အလက်များအနေဖြင့် မည်သည့် တင်သွင်းရေး အထောက်အကူပစ္စည်းတွင်မျှ ထုတ်ဖော်ပြောဆိုမည်မဟုတ်ကြောင်းကိုလည်း နားလည်သိရှိပါသည်။

____ကျွန်ုပ်အနေဖြင့် [**ကျောင်းသား/သူ ၏ ဆရာ/ဆရာမ**] ၏ ဆရာ/ဆရာမ စွမ်းဆောင်ရည် အကဲဖြတ်ချက်အစီအစဉ်အတွက် ကျွန်ုပ်၏ သား/သမီး ပါဝင်သော မှတ်တမ်းဗီဒီယိုနှင့် သင်ခန်းစာဆောင်ရွက်မှုအား အသုံးပြုရန် ခွင့်မပြုပါ၊ ကျွန်ုပ်၏ သား/သမီး အား မှတ်တမ်းရယူနေသည့် လုပ်ရှားမှုများ၏ ပြင်ပတွင် ထားရှိသွားမည်ကို နားလည်သဘောပေါက်ပါသည်။

မိဘ သို့မဟုတ် အုပ်ထိန်းသူလက်မှတ်- ____________________________ ရက်စွဲ- _________________

---

ကျွန်ုပ်သည် အထက်ဖော်ပြပါ ကျောင်းသား/သူ ဖြစ်ပြီး အသက် 18 နှစ် ပြည့်ပြီးဖြစ်ပါသည်။ ယခုလျှောက်လွှာပုံစံ၏ အပေါ်ပိုင်းရှိ အစီအစဉ်ဖော်ပြချက်ကို ဖတ်ရှုနားလည်ပြီး အောက်ပါတို့ကို လုပ်ဆောင်ရန် သဘောတူပါသည် (ကျေးဇူးပြုပြီး အောက်ဖော်ပြပါ သင့်လျော်သည် အချက်များကို စစ်ဆေးကြည့်ရှုပါ)-.

___ ကျွန်ုပ်သည် အသက် 18 နှစ်ပြည့်ပြီးသူဖြစ်ကာ [**ကျောင်းသား/သူ ၏ ဆရာ/ဆရာမ**] ၏ ဆရာ/ဆရာမ စွမ်းဆောင်ရည် အကဲဖြတ်ချက်အစီအစဉ်အတွက် ကျွန်ုပ်ပါဝင်သော မှတ်တမ်းဗီဒီယိုနှင့် သင်ခန်းစာ ဆောင်ရွက်မှုအား အသုံးပြုရန် ခွင့်ပြုပါသည်။ ကျွန်ုပ်၏ အမည်နှင့် ကိုယ်ရေးကိုယ်တာအဖြစ်သတ်မှတ်ထားသော သတင်းအချက်အလက်များအနေဖြင့် မည်သည့် တင်သွင်းရေး အထောက်အကူပစ္စည်းတွင်မျှ ထုတ်ဖော်ပြောဆိုမည်မဟုတ်ကြောင်းကိုလည်း နားလည်သိရှိပါသည်။

___ ကျွန်ုပ်သည် အသက် 18 နှစ်ပြည့်ပြီးသူ ဖြစ်ကာ [**ကျောင်းသား/သူ ၏ ဆရာ/ဆရာမ**] ၏ ဆရာ/ဆရာမ စွမ်းဆောင်ရည် အကဲဖြတ်ချက်အစီအစဉ်အတွက် ကျွန်ုပ်ပါဝင်သော မှတ်တမ်းဗီဒီယိုနှင့် သင်ခန်းစာ ဆောင်ရွက်မှုအား အသုံးပြုရန် ခွင့်မပြုပါ၊ ကျွန်ုပ်အား မှတ်တမ်းရယူနေသည့် လုပ်ရှားမှုများ၏ ပြင်ပတွင် ထားရှိသွားမည်ကို နားလည်သဘောပေါက်ပါသည်။

ကျောင်းသား/သူ လက်မှတ်- ____________________________ ရက်စွဲ- ______________ မွေးသက္ကရာဇ်- __/__/___